## (၃) အရွက်ပုပ်ရောဂါ (Corticium leaf rot)

**ရောဂါဖြစ်စေသောသက်ရှိ - *Corticium solani (Prill. & Delacr.) Bourdot & Galzin, 1911***

**ရောဂါလက္ခဏာ**

ပျိုးပင်/အပင်ငယ်အဆင့်တွင်အရေးကြီးသောရောဂါဖြစ်သည်။ အရွက်ပေါ်တွင် အညို ရင့်ရောင် ဒါဏ်ရာကွက်များ အတန်းလိုက်ဖြစ်ပေါ်သည်။ ရောဂါကွက်များ၏ တစ်ရှုးသားများ ခြောက်သွေ့ကာ အနားသားများခရမ်းညိုရောင်ရှိသော အရောင်ဖျော့/အဖြူ ရောင်အကွက် များဖြစ်လာသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကိုဖျက်ဆီးပါ။

ရောဂါစတင်ကျရောက်ပါက Difenoconazole (ဒီဖီနိုကိုနာဇိုး)၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Hymexazol (ဟိုင်မီဇာဇိုးလ်)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Mancozeb (မန်ကိုဇက်) စသောဆေးများ ကိုအသုံးပြုပက်ဖျန်းပါ။